## ဥပဒေပြဋ္ဌာန်းချက်

- ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ ဇယားအမှတ်စဉ် ၄၀ အရ ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ **အဖွဲ့အစည်းအမည်ဖြင့်** ပြည်တွင်းပြည်ပမှ ဝယ်ယူသည့် **ကုန်စည်များသည်** ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါ။
- ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ပါ ဇယားအမှတ်စဉ် ၂ အရ ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ **အဖွဲ့အစည်းအမည်ဖြင့်** ပြည်တွင်းမှ ရယူသည့် **ဝန်ဆောင်မှုများသည်** ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါ။




## လိုက်နာဆောင်ရွက်ရမည့်အချက်များ

ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့်–

- အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ကုန်စည်များ ဝယ်ယူရာတွင်ဖြစ်စေ၊ ပြည်တွင်းမှ ဝန်ဆောင်မှုများ ရယူရာတွင်ဖြစ်စေ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် မလိုအပ်ပါ။
- သို့ပါ၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရေး မိမိတို့ အဖွဲ့အစည်းမှ ဝယ်ယူခြင်း/ရယူခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်း၏ အကြီးအကဲ သို့မဟုတ် တာဝန်ခံအရာရှိ၏ ထောက်ခံချက် အထောက်အထားစသည့် စာရွက်စာတမ်းများအား ကုန်စည်ရောင်းချသူ/ ဝန်ဆောင်မှုဆောင်ရွက်သူများသို့ ပြသရန်လိုအပ်ပါသည်။

## လိုက်နာဆောင်ရွက်ရမည့်အချက်များ

ကုန်စည်ရောင်းချသူ/ ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့်–

- ပြည်တွင်းရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများအား ကုန်စည်ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန်မပါ တန်ဖိုးဖြင့် ရောင်းချဆောင်ရွက်ရမည် ဖြစ်ပါသည်။
- ထိုသို့ ရောင်းချဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများက ဝယ်ယူခြင်း၊ ရယူခြင်းဖြစ်ကြောင်း အထောက်အထား/ စာရွက်စာတမ်းများအား သေချာစွာစိစစ်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါအဖွဲ့အစည်းများ နှင့်ပတ်သက်သည့် စာရင်းအား သီးသန့်ခွဲခြား ပြုစုထားရှိရမည် ဖြစ်ပါသည်။

## လိုက်နာဆောင်ရွက်ရမည့်အချက်များ (အဆက်)

- ယင်းအဖွဲ့အစည်းများထံမှ ရယူထားသည့် အထောက်အထား/ စာရွက်စာတမ်းများနှင့် စာရင်းများအား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထိန်းသိမ်းထားရှိရန် လိုအပ်မည် ဖြစ်ပြီး ပုဒ်မခွဲ (ဂ) အရ လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်သည့်နေ့မှစ၍ **ခုနစ်နှစ်** ကြာမြင့်သည့် ကာလအထိ ထိန်းသိမ်းထားရှိရမည် ဖြစ်ပါသည်။

- အခွန်စည်းကြပ်မှုဆောင်ရွက်ရာတွင် တာဝန်ရှိသူများမှ အထောက်အထား/ စာရွက်စာတမ်းများကို တင်ပြရန် တောင်းဆိုလာပါက မပျက်မကွက် တင်ပြရမည် ဖြစ်ပါသည်။







## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

- မည်သူမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ အရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ် အရလည်းကောင်း ထားရှိရန်လိုအပ်သည့် အထောက်အထား/ စာရွက်စာတမ်းများကို ထိန်းသိမ်းရန် ပျက်ကွက်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၀ ပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ကြပါသော အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း -၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၈၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

**ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့် ကုန်စည်များနှင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သိကောင်းစရာများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

“ Tax by the Law, Service by our Heart ”